3552
10/12

အထွေထွေအရပ်ရပ် - ၁၆

(ရုံးတွင်း စာအကျဉ်း ချုပ်သို့တည်း မဟုတ်စာကြမ်း ရေး ရန်အတွက်)

အကြောင်းအရာ။ ။ ခိုင်ဆုသုစက်မှုကုမ္ပဏီလီမိတက်မှ သစ်ခွဲသား၊သစ်အချောထည်အမျိုးမျိုးနှင့် ပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ခိုင်ဆုသုစက်မှုကုမ္ပဏီလီမိတက်မှ (Khaing Su Thu Industrial Co., Ltd. - -) မှ ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးမျိုးခင်နှင့် ဒေါ်သုဇာမင်းအမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ အကွက်အမှတ်(၂၀၅)ရှိ မြေ(၀.၉၀၉)ဧက(၃၆၇၀.၆၀စတုရန်းမီတာ)ပေါ်တွင် စက်ရုံတည်ဆောက်ခြင်းဖြင့်လည်းကောင်း၊ ဒါရိုက်တာဦးတင်အောင်ဝင်း အမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ အကွက်အမှတ်(၂၂)ရှိ မြေ(၁.၀၀၃)ဧက(၄၀၅၉.၀၀စတုရန်းမီတာ)ကို ငှားရမ်း၍ သစ်ကုန်ကြမ်းကုန်ချောထားရှိခြင်းဖြင့်လည်းကောင်း၊ သစ်ခွဲသားသစ်အချောထည်အမျိုးမျိုးနှင့် ပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၁-၁၀-၉၉)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၇/၉၉)ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ ကော်မရှင်မှ မူအားဖြင့်သဘောတူညီခဲ့ပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်နှင့်အညီ(၁၈-၁၁-၉၉)နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏(၄၁/၉၉)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ယင်းအစည်းအဝေးမှသဘောတူကြောင်းဆုံးဖြတ်ခဲ့ပါသည်။

၂/- သို့

အထွေထွေအရပ်ရပ် – ၁၆

(ရုံးတွင်း စာအကျဉ်း ချုပ်သို့တည်း မဟုတ်စာကြမ်း ရေးရန်အတွက်)

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ ဆိုင်ရာအခန်း(၅)၊ ပုဒ်မ ၁၀ နှင့် ယင်းဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အခန်း(၄)၊ အပိုဒ် ၁၂ တို့နှင့်အညီ ခိုင်ဆုသူစက်မှုကုမ္ပဏီလီမိတက် (Khaing Su Thu Industrial Co., Ltd. – –) သို့ ထုတ်ပေးမည့် ခွင့်ပြုမိန့် တွင် လက်မှတ်ရေးထိုးနိုင်ပါရန်နှင့် ယင်းခွင့်ပြုမိန့်ထုတ်ပေးမည့် အမှာစာ(မူကြမ်း) ကို သဘောတူအတည်ပြုပေးနိုင်ပါရန် ပြုစုတင်ပြအမိန့်နာခံအပ်ပါသည်။

၂၀-၁၂-၉၉ ။

အတွင်းရေးမှူး

အာဏာရအဖွဲ့မှ သဘောတူပြီးဖြစ်၍ permit တွင်လက်မှတ်ရေး ထိုးနိုင်ပါရန်တင်ပြအပ်ပါသည်

၂၀/၁၂

ဥက္ကဋ္ဌ

* ဇိန် ၂၆-၁၁-၉၉။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/ မ-၁၀၃၆/ ၉၉ (၆၄၇၀)။
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်။

<u>ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့</u>
<u>တင်ပြသည့်အမှာစာ</u>

အကြောင်းအရာ။ <u>ခိုင်ဆုသူ စက်မှု ကုမ္ပဏီ လီမိတက် မှ သစ်ခွဲသား၊ သစ် အချောထည် အမျိုးမျိုး နှင့် ပရိဘောဂ ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။</u>

၁။ မြန်မာကုမ္ပဏီဖြစ်သော ခိုင်ဆုသူ စက်မှု ကုမ္ပဏီ လီမိတက် (Khaing Su Thu Industrial Co., Ltd.)မှ သစ်ခွဲသား၊ သစ် အချောထည် အမျိုးမျိုးနှင့် ပရိဘောဂ ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်း အဆိုပြုချက်ကို (၁-၁၀-၉၉)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၇/၉၉)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒကောင်စီသို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရ (၃-၁၁-၉၉) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုန်သွယ်မှု မူဝါဒကောင်စီ၏ (၁၃/၉၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ မူအားဖြင့် သဘောတူပြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြဖြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရှေ့ဆိုင်းငွေပေးချေခြင်းစနစ် သဘောတူစာချုပ် (မူကြမ်း) နှင့် မြေငှါး သဘောတူစာချုပ် (မူကြမ်း) တို့ကို <u>နောက်ဆက်တွဲ(၁)</u> အဖြစ် ပေးပို့ထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ(၀.၄၈)သန်း အပါအဝင် စုစုပေါင်း ကျပ်(၇၅.၀၀)သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ် (၃၀.၀၀)သန်း၊ စက်ပစ္စည်း တန်ဖိုးကျပ် (၂.၇၀)သန်း {အမေရိကန်ဒေါ်လာ (၀.၄၅)သန်း}၊ အဆောက်အဦတန်ဖိုးကျပ် (၃၀.၁၂)သန်း၊ မြေတန်ဖိုးကျပ် (၇.၀၀)သန်း၊ ပရိဘောဂနှင့် လုပ်ငန်းသုံး ပစ္စည်းတန်ဖိုးကျပ် (၅.၀၀)သန်းနှင့် ကုန်ကြမ်းပစ္စည်း တန်ဖိုးကျပ် (၀.၁၈)သန်း {ကိုယ်ပိုင်နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ(၀.၀၃)သန်း} ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်း ကိရိယာများကို စင်ကာပူနိုင်ငံ R.I Timber Pte. Ltd. မှ ရှေ့ဆိုင်းငွေပေးချေခြင်း စနစ်ဖြင့် အတိုးမဲ့ ဝယ်ယူမည်ဖြစ်ပြီး ဆိုင်းငံ့ကာလ (၂)နှစ်ရှိပြီး (၅)နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာန ထံမှ ကုမ္ပဏီ၏ အုပ်ချုပ်မှု ဒါရိုက်တာဖြစ်သူ ဦးမျိုးခင်နှင့် ဒေါ်သူဇာမင်း အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော ရန်ကုန်မြို့

လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ အကွက်အမှတ် (၂၀၅)ရှိ မြေ (၀.၉၀၉)ဧက (၃၆၇၈.၆၀ စတုရန်းမီတာ) ပေါ်တွင် စက်ရုံ တည်ဆောက်မည်ဖြစ်ပြီး၊ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာန ထံမှ ဒါရိုက်တာ ဦးတင်အောင်ဝင်း အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ အကွက်အမှတ် (၂၂)ရှိ မြေ(၁.၀၀၃) ဧက (၄၀၅၉.၀၀ စတုရန်းမီတာ)ကို ငှါးရမ်းအသုံးပြုမည် ဖြစ်ပါသည်။ စက်ရုံတည်ဆောက်မည့် မြေကွက်နှင့် သစ်ကုန်ကြမ်း/ကုန်ချောထားရန်အတွက် တည်နေရာတို့မှာ ခရီးလမ်းချောမောပြီး နေရာ ဝေးကွာခြင်း မရှိပါ၍ လုပ်ငန်းဆောင်ရွက်ရန် အဆင်ပြေမည့် နေရာများကို ရွေးချယ်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း တင်ပြထားပါသည်။

၄။ ယင်းလုပ်ငန်း၏ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှု နှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အကြောင်းအရာ	ပြည်တွင်းရောင်း		ပြည်ပရောင်း	
		ထုတ်လုပ်မှု၏ ၅၀% (ကုဗမီတာ)	ရောင်းဈေးနှုန်း (ကျပ်/ကုဗမီတာ)	ထုတ်လုပ်မှု၏၅၀% (Cu.m)	ရောင်းဈေးနှုန်း (US$/Cu.m)
၁	- Teak				
	- Teak Sawn Timber	၁၄၈.၅၀	၂၃၀၀၀၀	၁၄၈.၅၀	၂၈၀၀
	- Door & Window Frame	၉၉.၀၀	၁၉၀၀၀၀	၉၉.၀၀	၂၂၀၀
	- Furniture Components	၄၅.၅၀	၂၀၀၀၀၀	၄၅.၅၀	၂၃၀၀
	- Parquet/Moulding	၁၉၈.၀၀	၂၁၀၀၀၀	၁၉၈.၀၀	၂၆၀၀
၂	- Hardwood				
	- H.W Sawn Timber	၁၂၉.၆၀	၁၄၀၀၀၀	၁၂၉.၆၀	၁၆၀၀
	- Door & Window Frame	၈၆.၄၀	၁၀၀၀၀၀	၈၆.၄၀	၁၁၀၀
	- Furniture Components	၄၃.၂၀	၁၁၀၀၀၀	၄၃.၂၀	၁၂၀၀
	- Parquet/Moulding	၁၇၂.၈၀	၁၂၀၀၀၀	၁၇၂.၈၀	၁၃၀၀

၅။ ယင်းလုပ်ငန်းအတွက် လိုအပ်သော သစ်ကုန်ကြမ်းကို မြန်မာ့သစ်လုပ်ငန်းမှ လေလံစနစ်ဖြင့် လည်းကောင်း၊ သစ်တောဖက်စပ် ကော်ပိုရေးရှင်းမှ လည်းကောင်း ဝယ်ယူမည် ဖြစ်ပါသည်။

၆။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကျပ်သန်း)

		ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က)	ဝင်ငွေ	၁၅၆.၇၂	၁၁.၀၅	၁၆၇.၇၇
(ခ)	အသုံးစရိတ်	၁၃၉.၆၇	၈.၈၀	၁၄၈.၄၇
(ဂ)	အသားတင်အမြတ်	၁၇.၀၅	၂.၂၅	၁၉.၃၀

၇။ ယင်းလုပ်ငန်း၏ အရင်းကြေ ကာလမှာ (၅)နှစ်နှင့် (၅)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ (၂၂) ရာခိုင်နှုန်း ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)	ဝင်ငွေခွန်	ကျပ်	၇.၃၁ သန်း
		အမေရိကန်ဒေါ်လာ	၀.၀၇ သန်း
(ခ)	ကုန်သွယ်လုပ်ငန်းခွန်	ကျပ်	၃၁.၃၄ သန်း

၉။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၁၆၅)ဦးနှင့် ပြည်ပမှဝန်ထမ်း (၅)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၁၀။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် သစ်တောရေးရာ ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံရာ သစ်တောရေးရာ ဝန်ကြီးဌာန၏ သတ်မှတ်ထားသည့် "မူ"အတိုင်း လုပ်ဆောင်သွားမည်ဆိုပါက ကန့်ကွက်ရန် မရှိကြောင်း အကြောင်းပြန်ကြားလာပါသည်။

၁၁။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပြီး၊ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ လုပ်ငန်းအသစ် ဖြစ်ကြောင်း၊ စက်ရုံမှ ထွက်ရှိလာသော ကုန်ချောပစ္စည်းများအတွက် ပြည်ပသို့ တင်ပို့ရောင်းချရန် ဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန်အတွက် ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားမှ ငွေချေးယူခြင်း ကိစ္စသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိဘဲ ငွေချေးသူ၏ တာဝန်သာဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှု လုပ်ငန်း ဥပဒေအရ ပြည်နယ်/တိုင်း ဒေသန္တရ စက်မှု ကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင် ထားရှိမည်ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားပါသည်။

၁၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၃။ ဆုံးဖြတ်ရန်အချက်။

(က) ခိုင်ဆုသူ စက်မှု ကုမ္ပဏီ လီမိတက်မှ သစ်ခွဲသား၊ သစ်အချောထည် အမျိုးမျိုးနှင့် ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၄။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။</u>
အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဗိုလ်မှူးချုပ် မောင်မောင်)
ဝန်ကြီး
နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌရုံး
နှင့်
အတွင်းရေးမှူး
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်။

<u>ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့။</u>

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/ မ-၁၀၃၅/၉၉ (၅၉၀၅)။
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်။

ကုန်သွယ်မှု မှုဝါဒ ကောင်စီသို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ ခိုင်ဆုသူ စက်မှု ကုမ္ပဏီ လီမိတက် မှ သစ်ခွဲသား သစ် အချောထည် အမျိုးမျိုးနှင့် ပရိဘောဂ ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ခိုင်ဆုသူ စက်မှု ကုမ္ပဏီ လီမိတက် (Khaing Su Thu Industrial Co., Ltd.)မှ သစ်ခွဲသား သစ် အချောထည် အမျိုးမျိုးနှင့် ပရိဘောဂ ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်း အဆိုပြုချက်ကို (၁-၁၀-၉၉)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၇/၉၉)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရွှေဆိုင်းငွေပေးချေခြင်းစနစ် သဘောတူစာချုပ် (မူကြမ်း)၊ မြေငှါး သဘောတူစာချုပ် (မူကြမ်း) တို့ကို နောက်ဆက်တွဲ(၁) အဖြစ် ပေးပို့ထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ(၀.၄၈)သန်း အပါအဝင် စုစုပေါင်း ကျပ်(၇၅.၀၀)သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ် (၃၀.၀၀)သန်း၊ စက်ပစ္စည်း တန်ဖိုးကျပ် (၂.၇၀)သန်း {အမေရိကန်ဒေါ်လာ (၀.၄၅)သန်း}၊ အဆောက်အဦတန်ဖိုးကျပ် (၃၀.၁၂)သန်း၊ မြေတန်ဖိုးကျပ် (၇.၀၀)သန်း၊ ပရိဘောဂနှင့် လုပ်ငန်းသုံး ပစ္စည်းတန်ဖိုးကျပ် (၅.၀၀)သန်းနှင့် ကုန်ကြမ်းပစ္စည်း တန်ဖိုးကျပ် (၀.၁၈)သန်း၊ {ကိုယ်ပိုင်နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ(၀.၀၃)သန်း} ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်း ကိရိယာများကို စင်ကာပူနိုင်ငံ R.I Timber Pte. Ltd. မှ ရွှေဆိုင်းငွေပေးချေခြင်း စနစ်ဖြင့် အတိုးမဲ့ ဝယ်ယူမည်ဖြစ်ပြီး ဆိုင်းငံ့ကာလ (၂)နှစ်ရရှိပြီး (၅)နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ကုမ္ပဏီ၏ အုပ်ချုပ်မှု ဒါရိုက်တာဖြစ်သူ ဦးမျိုးခင်နှင့် ဒေါ်သူဇာမင်း အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ အကွက်အမှတ် (၂၀၅)ရှိ မြေ (၀.၉၀၉)ဧက (၃၆၇၈.၆၀ စတုရန်းမီတာ) ပေါ်တွင် စက်ရုံ တည်ဆောက်မည်ဖြစ်ပြီး၊ ဒါရိုက်တာ ဦးတင်အောင်ဝင်း

အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော . မြို့ပြနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ အကွက်အမှတ် (၂၂)ရှိ မြေ(၁.၀၀၃) ဧက (၄၀၅၉.၀၀ စတုရန်းမီတာ)ကို ငှါးရမ်းအသုံးပြုမည် ဖြစ်ပါသည်။ စက်ရုံတည်ဆောက်မည့် မြေကွက်နှင့် သစ်ကုန်ကြမ်း/ကုန်ချောထားရန်အတွက် တည်နေရာတို့မှာ ခရီးလမ်းချောမောပြီး နေရာ ဝေးကွာခြင်း မရှိပါ၍ လုပ်ငန်းဆောင်ရွက်ရန် အဆင်ပြေမည့် နေရာများကို ရွေးချယ်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း တင်ပြထားပါသည်။

၄။ ယင်းလုပ်ငန်း၏ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှု နှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အကြောင်းအရာ	ပြည်တွင်းရောင်း		ပြည်ပရောင်း	
		ထုတ်လုပ်မှု၏ ၅၀% (ကုဗမီတာ)	ရောင်းဈေးနှုန်း (ကျပ်/ကုဗမီတာ)	ထုတ်လုပ်မှု၏၅၀% (Cu.m)	ရောင်းဈေးနှုန်း (US$/Cu.m)
၁	- Teak				
	- Teak Sawn Timber	၁၄၈.၅၀	၂၃၀၀၀၀	၁၄၈.၅၀	၂၈၀၀
	- Door & Window Frame	၉၉.၀၀	၁၉၀၀၀၀	၉၉.၀၀	၂၂၀၀
	- Furniture Components	၄၅.၅၀	၂၀၀၀၀၀	၄၅.၅၀	၂၃၀၀
	- Parquet/Moulding	၁၉၈.၀၀	၂၁၀၀၀၀	၁၉၈.၀၀	၂၆၀၀
၂	- Hardwood				
	- H.W Sawn Timber	၁၂၉.၆၀	၁၄၀၀၀၀	၁၂၉.၆၀	၁၆၀၀
	- Door & Window Frame	၈၆.၄၀	၁၀၀၀၀၀	၈၆.၄၀	၁၁၀၀
	- Furniture Components	၄၃.၂၀	၁၁၀၀၀၀	၄၃.၂၀	၁၂၀၀
	- Parquet/Moulding	၁၇၂.၈၀	၁၂၀၀၀၀	၁၇၂.၈၀	၁၃၀၀

၅။ ယင်းလုပ်ငန်းအတွက် လိုအပ်သော သစ်ကုန်ကြမ်းကို မြန်မာ့သစ်လုပ်ငန်းမှ လေလံစနစ်ဖြင့် လည်းကောင်း၊ သစ်တောဖက်စပ် ကော်ပိုရေးရှင်းမှ လည်းကောင်း ဝယ်ယူမည် ဖြစ်ပါသည်။

၆။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကျပ်သန်း)

		ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က)	ဝင်ငွေ	၁၅၆.၇၂	၁၁.၀၅	၁၆၇.၇၇
(ခ)	အသုံးစရိတ်	၁၃၉.၆၇	၈.၈၀	၁၄၈.၄၇
(ဂ)	အသားတင်အမြတ်	၁၇.၀၅	၂.၂၅	၁၉.၃၀

၇။ ယင်းလုပ်ငန်း၏ အရင်းကြေ ကာလမှာ (၅)နှစ်နှင့် (၅)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၂၂) ရာခိုင်နှုန်း ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)	ဝင်ငွေခွန်	ကျပ်	၇.၃၁ သန်း
		အမေရိကန်ဒေါ်လာ	၀.၀၇ သန်း
(ခ)	ကုန်သွယ်လုပ်ငန်းခွန်	ကျပ်	၃၁.၃၄ သန်း

၉။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၁၆၅)ဦးနှင့် ပြည်ပမှဝန်ထမ်း (၅)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၁၀။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် သစ်တောရေးရာ ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံရာ သစ်တောရေးရာ ဝန်ကြီးဌာန၏ သတ်မှတ်ထားသည့် "မူ"အတိုင်း လုပ်ဆောင်သွားမည် ဆိုပါက ကန့်ကွက်ရန် မရှိကြောင်း အကြောင်းပြန်ကြားလာပါသည်။

၁၁။ ယင်းလုပ်ငန်းအတွက် မော်တော်ယာဉ် တင်သွင်းခွင့်နှင့် ပတ်သက်၍ တည်ဆောက်ရေး ကာလအတွင်း ဝက်ဂွန် (တစ်)စီးကို အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် လည်းကောင်း၊ လုပ်ငန်း စတင်ဆောင်ရွက်ချိန်တွင် Truck (တစ်)စီးကို အခွန်အကောက် (၅၀) ရာခိုင်နှုန်း သက်သာခွင့်ဖြင့် လည်းကောင်း တင်သွင်းခွင့်ပြုရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၇/၉၉)ကြိမ်မြောက် အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ပါသည်။

၁၂။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပြီး၊ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ လုပ်ငန်းအသစ် ဖြစ်ကြောင်း၊ စက်ရုံမှ ထွက်ရှိလာသော ကုန်ချောပစ္စည်းများအတွက် ပြည်ပသို့ တင်ပို့ရောင်းချရန် ဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ် ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် မီးဘေး အန္တရာယ်များ မဖြစ်ပွားစေရန်အတွက် ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားမှ ငွေချေးယူခြင်း ကိစ္စသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိဘဲ ငွေချေးသူ၏ တာဝန်သာဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှု လုပ်ငန်း ဥပဒေအရ ပြည်နယ်/တိုင်း ဒေသန္တရ စက်မှု ကြီးကြပ်ရေးနှင့် လုပ်ငန်း စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင် ထားရှိမည်ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားပါသည်။

၁၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၄။ ဆုံးဖြတ်ရန်အချက်။

(က) ခိုင်ဆုသူ စက်မှု ကုမ္ပဏီ လီမိတက်မှ သစ်ခွဲသား သစ်အချောထည် အမျိုးမျိုးနှင့် ပရိဘောဂ ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၅။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

ကျန်သွယ်မှု မူဝါဒကောင်စီ၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(မိုလ်မှူးချုပ် မောင်မောင်)
ဝန်ကြီး
နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌရုံး
နှင့်
အတွင်းရေးမှူး
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်။

ကုန်သွယ်မှု မူဝါဒ ကောင်စီ။

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏အဓိကအချက်များ

(မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပဒေအရ)

၁။	ကုမ္ပဏီအမည်	- ခိုင်ဆုသူ စက်မှုကုမ္ပဏီလီမိတက် (Khaing Su Thu Industrial Co., Ltd.) (၂-၁-၉၇ နေ့တွင်ကုမ္ပဏီမှတ်ပုံတင်ပြီး)
၂။	လုပ်ငန်း အဆိုပြုသူအမည်	- ဦး မျိုး ခင်(ခ) ဦး မျိုး ဟိန်း
၃။	အဆိုပြုလုပ်ငန်း အမျိုး အစား	- သစ်ခွဲသား ၊ သစ်အချောထည်အမျိုး မျိုးနှင့် ပရိဘောဂပစ္စည်း များထုတ်လုပ်ခြင်းလုပ်ငန်း
၄။	တည်နေရာ	- မြေတိုင်းရပ်ကွက်(၂)၊ အကွက်အမှတ်(၂၀၅) နှင့် မြေတိုင်းရပ်ကွက်(၄)၊ အကွက်အမှတ်(၂၂) စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
၅။	စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု	ကျပ် ၇၅.၀၀သန်း (US$ ၀.၄၀သန်းအပါအဝင်)
	- ငွေပမာဏ	ကျပ် ၃၀.၀၀သန်း
	- စက်ပစ္စည်းကိရိယာ	ကျပ် ၂.၇၀သန်း (US$ ၀.၄၅သန်း)
	- အဆောက်အဦ	ကျပ် ၃၀.၁၂သန်း
	- မြေ	ကျပ် ၇.၀၀သန်း
	- ပရိဘောဂနှင့်လုပ်ငန်း သုံး ပစ္စည်း	ကျပ် ၅.၀၀သန်း
	- ကုန်ကြမ်း ပစ္စည်း	ကျပ် ၀.၁၈သန်း (US$ ၀.၀၃သန်း) (US$ ၀.၄၀သန်း တွင်ကိုယ်ပိုင်နိုင်ငံခြားသုံး ငွေ US$ ၀.၀၃သန်း ပါဝင်ပါသည်။)
၆။	မြေအကြောင်းအရာ	
	- မြေအကျယ်အဝန်း	- စက်ရုံ စက်မှုဇုန်(၂) - ၀.၉၀၉ ဧက (၃၆၇၀.၆၀ စတုရန်း မီတာ)
		- ဂိုဒေါင်- စက်မှုဇုန်(၄) - ၁.၀၀၃ ဧက (၄၀၅၉.၀၀ စတုရန်း မီတာ)

		(စက်ရုံတည်ဆောက်မည့် မြေကွက်နှင့်သစ်ကုန်ကြမ်း/ ကုန်ချောထား ရန်အတွက်တည်နေရာတို့မှာ ခေါင်း လမ်း ချောမောပြီး နေရာ ဝေး ကွာခြင်း မရှိပါ၍လုပ်ငန်း ဆောင်ရွက်ရန်အဆင် ပြေ... နေရာများ ကိုရွေး ချယ် ဆောင်ရွက်ခြင်း ဖြစ် ကြောင်း တင်ပြထား ပါသည်။)	
	- မြေပိုင်ဆိုင်မှု	- ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးရှိုးခင် နှင့်ဒါရိုက်တာ ဒေါ်သူဇာမင်း အမည်ဖြင့်အသုံး ပြုခွင့်ရရှိထား သောစက်မှုဇုန်(၂) ရှိ မြေ ၀.၉၀၉ ဧက ပေါ်တွင်စက်ရုံတည်ဆောက်မည်ဖြ... ပြီး ဦးတင်အောင်ဝင်း အမည်ဖြင့်အသုံး ပြု ခွင့်ရရှိထား သောစက်မှုဇုန်(၄) ရှိ မြေ ၁.၀၀၃ ဧကကိုဂိုဒေါင် အသုံး ပြုမည်ဖြစ်ပါ သည်။	
	- မြေအမျိုး အစား	စက်မှုမြေ	
၇။	ထုတ်လုပ်မှု(ပုံမှန်နှစ်)	<u>ပြည်တွင်း</u>	<u>ပြည်ပ</u>
		(ကုဗမီတာ)	(ကုဗမီတာ)
	_ Teak		
	Teak Sawn Timber	၁၄၈.၅၀	၁၄၈.၅၀
	Door & Window Frame	၉၉.၀၀	၉၉.၀၀
	Furniture Components	၄၅.၅၀	၄၅.၅၀
	Parquet/Moulding	၁၉၈.၀၀	၁၉၈.၀၀
	_ Hardwood		
	- H.W Sawn Timber	၁၂၉.၆၀	၁၂၉.၆၀
	_ Door & Window Frame	၈၆.၄၀	၈၆.၄၀
	- Furniture Components	၄၃.၂၀	၄၃.၂၀
	- Parquet/Moulding	၁၇၂.၈၀	၁၇၂.၈၀

၈။	ရောင်း ချမည့်နည်း စနစ်	Teak	Hardwood
	-ပြည်တွင်း	၅၀%	၅၀%
	-ပြည်ပ	၅၀%	၅၀%
၉။	ရောင်းဈေး နှုန်း (ပုံမှန်နှစ်)	ပြည်တွင်း ရောင်း	ပြည်ပ ရောင်း
	- Teak	(ကျပ်/တုဗမီတာ)	(US$ /တုဗမီတာ)
	- Teak Sawn Timber	၂၃၀၀၀၀	၂၈၀၀
	- Door & Window Frame	၁၉၀၀၀၀	၂၂၀၀
	- Furniture Components	၂၀၀၀၀၀	၂၃၀၀
	- Parquet/Moulding	၂၁၀၀၀၀	၂၆၀၀
	- Hardwood		
	- H.W Sawn Timber	၁၄၀၀၀၀	၁၆၀၀
	- Door & Window Frame	၁၀၀၀၀၀	၁၁၀၀
	- Furniture Components	၁၁၀၀၀၀	၁၂၀၀
	- Parquet/Moulding	၁၂၀၀၀၀	၁၃၀၀
၁၀။	ဝင်ငွေ (ပုံမှန်နှစ်)		
	- နိုင်ငံခြား ငွေဖြင့်	US$ ၁.၈၄ သန်း	
	- ကျပ် ငွေဖြင့်	ကျပ် ၁၅၆.၇၂ သန်း	
၁၁။	အသား တင်အမြတ် (ပုံမှန်နှစ်)		
	- နိုင်ငံခြား ငွေဖြင့်	US$ ၀.၃၈ သန်း	
	- ကျပ် ငွေဖြင့်	ကျပ် ၁၇.၀၅ သန်း	
၁၂။	နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့် အကျိုး အမြတ်		
	- ဝင်ငွေခွန် (နိုင်ငံခြား ငွေဖြင့်)	US$ ၀.၁၇ သန်း	
	(ကျပ် ငွေဖြင့်)	ကျပ် ၇.၃၁ သန်း	
	- ကုန်သွယ်လုပ်ငန်း ခွန် (ပြည်တွင်း ရောင်းရ ငွေ ပေါ် ၂၅%)	ကျပ် ၃၁.၃၄ သန်း	

၁၃။	အရင်း ကြေကာလ	(၅) နှစ် (၅) လ
၁၄။	အရင်း အနှီး အပေါ် အကျိုး အမြတ်ပြန် ပေါ် နှုန်း (IRR)	(၂၂) ရာခိုင်နှုန်း
၁၅။	ဝန်ထမ်း အင်အား	၁၇၀ ဦး
	- ပြည်တွင်း	၁၆၅ ဦး
	- ပြည်ပ	၅ ဦး
၁၆။	တည်ဆောက်မှုကာလ	(တစ်) နှစ်
၁၇။	အခြား	- စက်ပစ္စည်း ကိရိယာ များ ကိုစင်ကာပူနိုင်ငံ R.I Timber Pte Ltd. - မှ ရှေ့ဆိုင်း ငွေပေး ချေခြင်း စနစ်ဖြင့်အတိုး မဲ့ ဝယ်ယူမည်ဖြစ်ပြီး ဆိုင်း ငံ့ကာလ (၂) နှစ် ရရှိမည်ဖြစ်ပြီး (၅) နှစ်အတွင်း ပြန်လည်ပေး ဆပ်ရမည်ဖြစ်ပါသည်။ - လိုအပ်သော သစ်ကုန်ကြမ်း ကိုမြန်မာ့သစ်လုပ်ငန်း မှ လေလံစနစ်ဖြင့်လည်း ကောင်း၊ သစ်တောဖက်စပ် ကော်မီရှင်း မှလည်းကောင်း ဝယ်ယူထုတ်လုပ်မည်ဖြစ်ပါသည်။ - စက်ပစ္စည်းစာရင်းကို ပူးတွဲတင်ပြထားပါသည်။ - ယင်း လုပ်ငန်း သည်မြန်မာနိုင်ငံသား များ သာလျှင်ပိုင်ဆိုင်သောလုပ်ငန်း ဖြစ်ပြီးနိုင်ငံခြား မှမည်သူမျှပိုင်ဆိုင်မှုမရှိ ကြောင်း၊ လုပ်ငန်း အသင့်ဖြစ် ကြောင်း၊ စက်ရုံမှထွက်ရှိလာသော ကုန်ချောပစ္စည်း များ အတွက်ပြည်ပသို့ တင်ပို့ရောင်း ချရန် ဈေး ကွက်ရှိပြီး ဖြစ်ကြောင်း၊ မြေယာနှင့်ပတ်သက်၍ နိုင်ငံတော်မှသတ်မှတ်ပြဋ္ဌာန်း သည့်စည်း ကမ်း သတ်မှတ်ချက်များ ကိုလိုက်နာမည်ဖြစ် ကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်း မှုနှင့်မီး ဘေး အန္တရာယ်များမ ဖြစ်

ပွား ဝေရန်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထား မည်ဖြစ်ကြောင်း ၊ နိုင်ငံခြားမှ ငွေချေးယူခြင်း ကိစ္စသည် နိုင်ငံတော်နှင့်သက်ဆိုင်ခြင်း မရှိဘဲ ငွေ ချေးသူ၏တာဝန်သာဖြစ်ကြောင်း၊ ပုဂ္ဂလိကစက် မှုလုပ်ငန်း ဥပဒေအရပြည်နယ်/တိုင်း ဒေသန္တရ စက်မှုကြီးကြပ်ရေး နှင့်လုပ်ငန်း စိစစ်ရေး မှုဦး စီး ဌာနတွင်မှတ်ပုံတင်ထား ရှိမည်ဖြစ်ကြောင်း ဝန်ခံကတိပြုထား ပါသည်။

- သစ်တော ရေး ရာဝန်ကြီး ဌာနမှသတ်မှတ်ထား သည့် `` မှု `` အတိုင်း လုပ်ဆောင်သွား မည်ဆိုပါက ကန့်ကွက်ရန်မရှိကြောင်း နှင့်မြို့ရွာနှင့်အိုးအိမ်ဖွံ့ ဖြိုး ရေး ဦး စီး ဌာနမှသစ်အချောထည်နှင့် ပရိဘောဂတန်ဖိုး မြှင့်ပစ္စည်း များ ထုတ်လုပ်ခြင်း လုပ်ငန်း ကိုလက်ရှိ ဆောင်ရွက် နေခြင်း မရှိပါ ကြောင်း ပြန်ကြား လာ ပါသည်။

- ယင်း လုပ်ငန်း အတွက် မော် တော်ယာဉ်တင်သွင်း ခွင့်နှင့်ပတ်သက်၍ တည် ဆောက် ရေး ကာလအတွင်း Wagon (တစ်) စီး ကိုအခွန်အကောက်ကင်း လွတ် ခွင့်ဖြင့်လည်း ကောင်း ၊ လုပ်ငန်း စတင်ဆောင် ရွက်ချိန်တွင် Truck (တစ်) စီး ကိုအခွန်အကောက် (၅၀) ရာခိုင်နှုန်း သက်သာခွင့်ဖြင့်လည်း ကောင်း တင်သွင်း ခွင့်ပြုရန်မြန်မာနိုင်ငံရင်း နှီး မြှုပ်နှံ မှုကော်မရှင်၏ (၁၅/၉၉) ကြိမ် မြောက်ကြိုတင် ညှိနှိုင်း အစည်း အဝေး မှဆုံး ဖြတ်ခဲ့ ပါသည်။

- ငွေကြေးဆိုင်ရာအထောက်အထားအဖြစ်ကမကထပြုသူ ဦးမျိုး ခင်အမည်ဖြင့်အာရှဝဓနဘဏ်လီမိတက်၌လက်ကျန် စာရင်း ကိုတင်ပြထား ပါသည်။

- ပူးတွဲပါဥပဒေပုဒ်မ ၁၂ နှင့် ၁၃ အရအခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိုခံစားခွင့်ပြုရန် လျှောက်ထား လာ ပါသည်။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များရရှိရေးအတွက် လျှောက်ထားချက်အပေါ် အောက်ပါအတိုင်းသုံးသပ်တင်ပြပါသည်။

- ဥပဒေပုဒ်မ ၁၃ (က) အရ လုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သော နိုင်ငံခြားငွေပမာဏအပေါ်မူတည်၍ ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း နိုင်ငံခြားငွေဖြင့်ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျက် ကော်မရှင်သို့လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ခ) အရ လုပ်ငန်းမှပြည်ပသို့တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့်ရရှိသည့်အမြတ်ငွေအပေါ် (၅၀ %) ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ လုပ်ငန်း၏အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကို ဖော်ပြလျက် ပထမအကြိမ် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီးနောက် ကော်မရှင်သို့လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဂ) အရ ကုန်ထုတ်လုပ်မှုကြောင့် ပြည်တွင်း၊ ပြည်ပဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့်ကို လုပ်ငန်းအကောင်အထည်ဖော်မှုအရ လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဃ) အရ သွင်းကုန်အစားထိုးလုပ်ငန်း အဖြစ် အကျိုးအမြတ်နည်းသည့်လုပ်ငန်းအပေါ် သင့်လျော်သောကာလအထိ ဝင်ငွေခွန်သက်သာခွင့်တောင်းခံခြင်းကို အကျိုးဝင်ခြင်းမရှိဟု သုံးသပ်ရပါသည်။

- ဥပဒေပုဒ်မ ၁၃ (စ) အရ လုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကို တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုအမြတ်ငွေပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်ကို အမှန်တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လျှောက်ထားလာပါက ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဆ) အရ လုပ်ငန်းသုံးမတည်ပစ္စည်းများအပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့်နှုန်းအတိုင်း နှစ်တိုတိုနှင့်မူလတန်ဖိုးပြည့်မီသည်အထိ အမြတ်ငွေမှ နှုတ်ပယ်ခွင့် နှင့်ပတ်သက်၍ လျှောက်ထားလာသည့်အခါ ကော်မရှင်မှ သတ်မှတ်သည့်နှုန်းအတိုင်း ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဇ) အရ ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း တင်သွင်းလာသည့်စက်ပစ္စည်းများအပေါ် အကောက်ခွန်နှင့်အခြား ပြည်တွင်းအခွန်အကောက်များကင်းလွတ်ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဈ) အရ ကနဦးရင်းနှီး မြှုပ်နှံမှုကာလကုန်ဆုံး၍ ပထမ (၃) နှစ်အတွက် တင်သွင်းသည့်လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့်အခြား ပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ည) အရ ထုတ်လုပ်မည့်ပစ္စည်းများ ပြည်ပသို့တင်ပို့ရောင်းချမှုအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်း လွတ်ခွင့်ကို ခွင့်ပြုသင့်ပါသည်။

* ဝိန် ၃၁-၀-၉၉။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သစ်တောရေးရာ ဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၂/ ၂၃၀(င)(၄)/(၁၈၈၇ / ၉၉)
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်

အကြောင်းအရာ။ <u>နိုင်ဆူသူ စက်မှုကုမ္ပဏီလီမိတက်မှ စက်ရုံတည်ဆောက်၍ သစ်အခြောက်ခံပြီး ထည်နှင့်ပရိဘောဂ၊ တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုခြင်း အပေါ်သဘောထားမှတ်ချက်ပြန်ကြားခြင်း</u>

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃-၈-၉၉ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၄၂၅/ ၉၉(၄၀၃၁)(က)

၁။ အထက်ရည်ညွှန်းစာပါ၊ နိုင်ဆူသူစက်မှုကုမ္ပဏီလီမိတက်မှ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)၊ မြေကွက်အမှတ်(၂၀၅)နှင့်စက်မှုဇုန်(၄) မြေကွက်အမှတ်(၂၂)တို့တွင် စက်ရုံတည်ဆောက်၍သစ်အခြောက်ခံထည်နှင့်ပရိဘောဂ တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုခြင်းကိစ္စနှင့် ပတ်သက်၍၊ သစ်တောရေးရာဝန်ကြီးဌာန၏သဘောထားမှတ်ချက်ကိုပြန်ကြား အပ်ပါသည်။

၂။ သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ နိုင်ဆူသူကုမ္ပဏီလီမိတက်မှတာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံစိစစ်ချက်အရ၊ ၄င်းတို့နှစ်စဉ် ကုန်ကြမ်းလိုအပ်ချက်ဖြစ်သည့်ကျွန်းသစ်လုံး တန်(၁၀၀၀)ကိုမြန်မာ့သစ်လုပ်ငန်း မှတင်ဒါစနစ်ဖြင့်လည်းကောင်း၊ သစ်မာသစ်လုံး တန်(၈၀၀)ကိုသစ်တော်ထွက် ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်နှင့်အခြားတရားဝင်သစ်ဝယ်ယူ ထုတ်လုပ်ခွင့်ရရှိထားသောပုဂ္ဂလိကလုပ်ငန်းရှင်များထံမှလည်းကောင်း၊ ဝယ်ယူမည်ဖြစ်ကြောင်းနှင့်ထွက်ရှိလာသောကုန်ချောများ၏ (၅၀%)ကိုပြည်ပ သို့တင်ပို့ရောင်းချပြီး၊ ကျန်(၅၀%)ကိုပြည်တွင်းတွင်ဖြန့်ဖြူးရောင်းချ သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

၃။ သို့ရာတွင်သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်အခြေခံလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ကုမ္ပဏီများသို့ ကျွန်းသစ်လုံးများကိုအမေရိကန်ဒေါ်လာဖြင့်သာတင်ဒါဈေးနှုန်းအတိုင်း ရောင်းချပေးပြီး တရားဝင်လမ်းကြောင်းများမှမြန်မာကျပ်ငွေဖြင့်ဝယ်ယူရရှိထားသောသစ်မာသစ်လုံးကုန်ကြမ်းများမှထွက်ရှိလာသည့်ကုန်ချောပစ္စည်းများအားပြည်ပသို့တင်ပို့ရောင်းချလိုပါကရောင်းချရရှိသည့်နိုင်ငံခြားငွေ၏ (၁၀%) ကိုနိုင်ငံတော် - (မြန်မာ့သစ်လုပ်ငန်း) သို့ပေးသွင်းပြီးမှသာတင်ပို့ခွင့်ပြုသည့် "မူ" သတ်မှတ်ထားပါသည်။

၄။ သို့ဖြစ်ပါ၍၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြလျှောက်ထားသောချိုင်ဆုသူစက်မှုကုမ္ပဏီလီမိတက်မှစက်ရုံတည်ဆောက်ပြီး သစ်အချောထည်များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်လိုခြင်းအပေါ်အထက်ဖော်ပြပါမြန်မာ့သစ်လုပ်ငန်းမှသတ်မှတ်ထားသည့် "မူ" ဘောင်အတွင်းမှလုပ်ကိုင်သွားမည်ဆိုပါကကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ဒုတိယဝန်ကြီး (ကိုယ်စား)
(ဘချို၊ ရုံးအဖွဲ့မှူး)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မိတ္တူ - မြန်မာ့သစ်လုပ်ငန်း

ကြည်/-၀၂၁၃း၀

မြန်မာ
ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အမှတ်၊ ၂၂၈-၂၃၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

စာအမှတ်၊ ဇီမံ/နအစ/ဈေ/၉၉/(၆၀

ရက်စွဲ ၊ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ ၁၆

သို့

တွဲဖက်အတွင်းရေးမှူး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက်ပြန်ကြားခြင်း ။

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃-၈-၉၉ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၄၂၅/၉၉(၄၀၃၁-၁)

ရန်ကုန်တိုင်း၊ လှိုင်သာယာစက်မှုဇုန်အပိုင်း (၂)၊ မြေကွက်အမှတ်-၂၂၅ ဧရိယာ (၀.၉၀၉) ဧကရှိ မြေနှင့်ဇုန်အပိုင်း (၄)၊ မြေကွက်အမှတ်-၂၂၊ ဧရိယာ (၁.၀၀၃) ဧကရှိ မြေ၊ စုစုပေါင်း ဧရိယာ (၁.၉၁၂) ဧကရှိ မြေပေါ်တွင် နိုင်ချသုစက်မှုကုမ္ပဏီလီမိတက်မှ သစ်အချောထည်နှင့် ပရိဘောဂစာန်တိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်ရှိဆောင်ရွက်နေခြင်း မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

16/8/99

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(ဖွန်းလင်း-ဒုတိယညွှန်ကြားရေးမှူး)

နိုင်ငံခြားဆက်ဆံရေး

မိတ္တူကို -

(၁) ဇီမံကိန်းမန်နေဂျာ၊ လှိုင်သာယာစက်မှုဇုန်၊

(၂) ရုံးလက်ခံ

(၃) မျှောစာတွဲ။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01-282101

တယ်လီဖုန်း - ၂၇၂၉၁၂၊ ၂၇၂၁၅၉၊ ၂၇၂၃၉၁။

စာအမှတ်၊ ၇၈-၁/မ-၄၂၁/၉၉(၄၈၃၁(က))

ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

အကြောင်းအရာ။ ။ <u>သဘောထား မှတ်ချက် တောင်းခံခြင်း ကိစ္စ။</u>

ရည်ညွှန်းချက်။ ။ ဒိုင်ဆူသူ စက်မှုကုမ္ပဏီလီမိတက်၏ (၂၁-၇-၉၉) ရက်စွဲပါစာ

၁။ ဒိုင်ဆူသူ စက်မှုကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)၊ မြေကွက်အမှတ်(၂၀၅) ရှိ မြေ(၀.၉၀၉) ဧကနှင့် လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၄)၊ မြေကွက်အမှတ်(၂၂) ရှိ မြေ(၁.၀၀၃) ဧက ရရ ပေါင်း မြေ(၁.၉၁၂) ဧကကို ငှါးရမ်း၍ စက်ရုံတည်ဆောက်ပြီး သစ်စာချောထည် နှင့် ပရိဘောဂ တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်အတွက် ရည်ညွှန်းပါစာဖြင့် ကော်မရှင်သို့ တင်ပြ လျှောက်ထားလာပါသည်။ <u>(ပူးတွဲ)</u>

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း (၃)၊ အပိုဒ် ၁၁ ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ အဆိုပြုချက်ကို စိစစ်ရာ တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ သဘောထားများကို တောင်းခံရယူရန် လိုအပ်ပါ သဖြင့် အဆိုပြုချက်ပါလုပ်ငန်း နှင့်စပ်လျဉ်း၍ သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထား မှတ်ချက်အား ပြန်ကြား ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပူးတွဲ၊ - (၁) အဆိုပြုချက်
(၂) ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ နှင့်ပတ်သက်၍ တွက်ချက်မှု ဇယားများ
(၃) မြေငှါး ရမ်းခြင်း သဘောတူစာချုပ် (မူကြမ်း)
(၄) Deferred Payment Loan Agreement (Draft)
(၅) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ
(၆) ငွေရေး ကြေးရေး အထောက်အထား
(၇) မြေအထောက်အထား

ဒုတိယအတွင်းရေးမှူး (ကိုယ်စား)
(ဝိဝိဝင်း ၊ ညွှန်ကြားရေးမှူး)

<u>သစ်တောရေးရာဝန်ကြီးဌာန။</u>
မိတ္တူကို၊ - မြန်မာ့သစ်လုပ်ငန်း ။

ဝင်း / ၀

(27.8.99) 15/99 [illegible]

<u>လျှို့ဝှက်</u>

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏အဓိကအချက်များ

(မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပဒေအရ)

၁ ။	ကုမ္ပဏီအမည်	- ခိုင်ဆုသူစက်မှုကုမ္ပဏီလီမိတက် (Khaing Su Thu Industrial Co., Ltd) (၂-၁-၉၇ နေ့တွင်ကုမ္ပဏီမှတ်ပုံတင်ပြီး)
၂ ။	လုပ်ငန်းအဆိုပြုသူအမည်	- ဦး မျိုးခင် (ခ) ဦး မျိုး ဟိန်း
၃ ။	အဆိုပြုလုပ်ငန်းအမျိုး အစား	- သစ်ခွဲသားအချောထည်အမျိုးမျိုးနှင့်ပရိဘောဂ ပစ္စည်း များ ထုတ်လုပ်ခြင်း လုပ်ငန်း
[illegible]	တည်နေရာ	- မြေတိုင်းရပ်ကွက် (၂) ၊ အကွက်အမှတ် (၂၀၅) နှင့် မြေတိုင်း ရပ်ကွက် (၄) ၊ အကွက်အမှတ် (၂၂) ၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
၅ ။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	<u>ကျပ် ၇၅.၀၀သန်း</u>(US$ ၀.၄[illegible]သန်းအပါအဝင်)
	- ငွေပမာဏ	ကျပ် [illegible]၀.၀၀သန်း
	- စက်ပစ္စည်းကိရိယာ	ကျပ် ၂.၇၀သန်း (US$ ၀.၄၅သန်း)
	- အဆောက်အဦ	ကျပ် ၃၀.၁၂သန်း
	- မြေ	ကျပ် ၇.၀၀သန်း
	- ပရိဘောဂနှင့်လုပ်ငန်းသုံး ပစ္စည်း	ကျပ် ၅.၀၀သန်း
	- ကုန်ကြမ်း ပစ္စည်း	ကျပ် ၀.၁၈သန်း (US$ ၀.၀၃သန်း) (US$ ၀.၄၈သန်း တွင်ကိုယ်ပိုင်နိုင်ငံခြားသုံး ငွေ US$ ၀.၀၃သန်း ပါဝင်ပါသည်။)
၆ ။	မြေအကြောင်း အရာ - မြေအကျယ်အဝန်း	- စက်ရုံစက်မှုဇုန် (၂) - ၀.၉၀၉ ဧက (၃၆၇၈.၆၀ စတုရန်းမီတာ) - ဂိုဒေါင်-စက်မှုဇုန်(၄) - ၁.၀၀၃ ဧက (၄၀၅၉.၀၀ စတုရန်းမီတာ) (စက်ရုံတည် ဆောက်မည့် မြေကွက်နှင့်သစ်ကုန်ကြမ်း /ကုန်ချောထားရန်အတွက်တည် နေရာတို့မှာ ခရီးလမ်း ချောမောပြီး နေရာဝေး ကွာခြင်း မရှိပါ၍လုပ်ငန်း ဆောင်ရွက်ရန်အဆင် ပြေမည့် နေရာများ ကို

		ရွေးချယ် ဆောင်ရွက်ရခြင်း ဖြစ်ကြောင်းတင်ပြထား ပါသည်။)	
	- မြေပိုင်ဆိုင်မှု	-ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးမြိုးခင်နှင့် ဒါရိုက်တာ ဒေါ်သူဇာမင်းအမည်ဖြင့်အသုံးပြုခွင့် ရရှိထားသော စက်မှုဇုန်(၂) ရှိ မြေ ၀.၉၀၉ ဧက ပေါ်တွင်စက်ရုံတည် ဆောက်မည်ဖြစ်ပြီး ဦးတင်အောင်ဝင်း အမည်ဖြင့်အသုံးပြုခွင့် ရရှိထားသော စက်မှုဇုန် (၄) ရှိ မြေ ၁.၀၀၃ ဧကကိုငှားရမ်းအသုံးပြုမည်ဖြစ်ပါ သည်။	
	- မြေအမျိုးအစား	စက်မှုမြေ	
၇။	ထုတ်လုပ်မှု(ပုံမှန်နှစ်)	ပြည်တွင်း (ကုဗမီတာ)	ပြည်ပ (ကုဗမီတာ)
	- Teak		
	Teak Sawn Timber	၁၄၈.၅၀	၁၄၈.၅၀
	Door & Window Frame	၉၉.၀၀	၉၉.၀၀
	Furniture Components	၄၅.၅၀	၄၅.၅၀
	Parquet/Moulding	၁၉၈.၀၀	၁၉၈.၀၀
	- Hardwood		
	- H.W Sawn Timber	၁၂၉.၆၀	၁၂၉.၆၀
	- Door & Window Frame	၈၆.၄၀	၈၆.၄၀
	- Furniture Components	၄၃.၂၀	၄၃.၂၀
	- Parquet / Moulding	၁၇၂.၈၀	၁၇၂.၈၀
၈။	ရောင်း ချမည့်နည်း စနစ်	Teak	Hardwood
	- ပြည်တွင်း	၅၀ %	၅၀ %
	- ပြည်ပ	၅၀ %	၅၀ %

၉။	ရောင်းဈေးနှုန်း (ပုံမှန်နှစ်)	ပြည်တွင်းရောင်း (ကျပ်/ကုဗမီတာ)	ပြည်ပရောင်း (US$ /ကုဗမီတာ)
	- Teak		
	- Teak Sawn Timber	၂၃၀၀၀၀	၂၀၀၀
	- Door & Window Frame	၁၉၀၀၀၀	၂၂၀၀
	- Furniture Components	၂၀၀၀၀၀	၂၃၀၀
	- Parquet/Moulding	၂၁၀၀၀၀	၂၆၀၀
	- Hardwood		
	- H.W Sawn Timber	၁၄၀၀၀၀	၁၆၀၀
	- Door & Window Frame	၁၀၀၀၀၀	၁၁၀၀
	- Furniture Components	၁၁၀၀၀၀	၁၂၀၀
	- Parquet/Moulding	၁၂၀၀၀၀	၁၃၀၀
၁၀။	ဝင်ငွေ (ပုံမှန်နှစ်)		
	- နိုင်ငံခြားငွေဖြင့်	US$ ၁.၀၄ သန်း	
	- ကျပ်ငွေဖြင့်	ကျပ် ၁၅၆.၇၂ သန်း	
၁၁။	အသားတင်အမြတ် (ပုံမှန်နှစ်)		
	- နိုင်ငံခြားငွေဖြင့်	US$ ၀.၀၉ သန်း	
	- ကျပ်ငွေဖြင့်	ကျပ် ၁၃.၀၆ သန်း	
၁၂။	နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့် အကျိုးအမြတ်		
	- ဝင်ငွေခွန် (နိုင်ငံခြားငွေဖြင့်)	US$ ၀.၁၆ သန်း	
	(ကျပ်ငွေဖြင့်)	ကျပ် ၅.၆၀ သန်း	
	- ကုန်သွယ်လုပ်ငန်းခွန် (ပြည်တွင်းရောင်းရငွေ၏ ၂၅%)	ကျပ် ၃၁.၃၄ သန်း	
၁၃။	ဝန်ထမ်းအင်အား	၁၇၀ ဦး	
	- ပြည်တွင်း	၁၆၅ ဦး	
	- ပြည်ပ	၅ ဦး	
၁၄။	တည်ဆောက်မှုကာလ	(တစ်နှစ်)	

၁၅။	အခြား	- စက်ပစ္စည်း ကိရိယာများ ကိုစင်ကာပူနိုင်ငံ R.I Timber Pte Ltd. - မှ ရွှေ့ဆိုင်း ငွေ ပေးချေခြင်းစနစ်ဖြင့်အတိုးမဲ့ ဝယ်ယူမည်ဖြစ်ပြီးဆိုင်းငံ့ကာလ (၂) နှစ်ရှိမည်ဖြစ်ပြီး (၅) နှစ်အတွင်းပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ - စက်ပစ္စည်း စာရင်းကိုပူးတွဲတင်ပြထားပါသည်။ - လိုအပ်သောသစ်ကုန်ကြမ်းကိုမြန်မာ့သစ်လုပ်ငန်းမှ လေလံစနစ်ဖြင့်လည်းကောင်း၊ သစ်တောဖက်စပ်ကော်ပိုရေးရှင်းမှလည်းကောင်း ဝယ်ယူထုတ်လုပ်မည်ဖြစ်ပါသည်။ - ယင်းလုပ်ငန်းသည်မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပြီး နိုင်ငံခြားမှ မည်သူမျှပိုင်ဆိုင်မှုမရှိကြောင်း၊ လုပ်ငန်းအသစ်ဖြစ်ကြောင်း စက်ရုံမှထွက်ရှိလာသောကုန်ချောပစ္စည်းများအတွက် ပြည်ပသို့တင်ပို့ရောင်းချရန် ဈေးကွက်ရှိပြီးဖြစ်ကြောင်း မြေယာနှင့်ပတ်သက်၍ နိုင်ငံတော်မှသတ်မှတ်ပြဋ္ဌာန်းသည့်စည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့်မီးဘေးအန္တ[illegible]ရာယ်များ မဖြစ်ပွားစေရန်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားမှ ငွေချေးယူခြင်း ကိစ္စသည်နိုင်ငံတော်နှင့်သက်ဆိုင်ခြင်းမရှိဘဲ ငွေချေးသူ၏တာဝန်သာဖြစ်ကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအရပြည်နယ်/တိုင်းဒေသ[illegible]ရစက်မှုကြီးကြပ်ရေးနှင့်လုပ်ငန်းစစ်ဆေးမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိမည်ဖြစ်ကြောင်း ဝန်ခံကတိပြုထားပါသည်။ →

-သစ်တောရေးရာဝန်ကြီးဌာနနှင့်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတို့သို့သဘောထားတောင်းခံရာမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှသစ်အချောထည်နှင့်ပရိဘောဂတန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကိုလက်ရှိဆောင်ရွက်နေခြင်း မရှိပါကြောင်း ပြန်ကြားလာပါသည်။

မ၁* ၂၃/၁/၉၉။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အမှတ်၊ ၂၂၈-၂၃၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

စာအမှတ်၊ စီမံ/နသစ/ထွေ/၉၉/(၆၄၀
ရက်စွဲ ၊ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်၊

သို့
စွဲဖက်အတွင်း ရေးမှူး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ <u>သဘောထားမှတ်ချက်ပြန်ကြားခြင်း ။</u>

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃-၈-၉၉ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၄၂၅/၉၉ (၄၀၃၁-ခ)

ရန်ကုန်တိုင်း၊ လှိုင်သာယာစက်မှုဇုန်အပိုင်း (၂)၊ မြေကွက်အမှတ်-၂၂၅ ဧရိယာ (၀.၉၈၉) ဧက ရှိမြေနှင့်ဇုန်အပိုင်း (၄)၊ မြေကွက်အမှတ်-၂၂၊ ဧရိယာ (၁.၈၀၃) ဧက ရှိမြေ၊ စုစုပေါင်း ဧရိယာ (၁.၉၁၂) ဧကရှိမြေပေါ်တွင်နိုင်ဆွဲသူ စက်မှုကုမ္ပဏီလီမိတက်မှသစ်အချောထည်နှင့်ပရိဘောဂထန်အိုး မြင့်ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းကိုလက်ရှိဆောင်ရွက်နေခြင်း မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ထွန်းလင်း- ဒုတိယညွှန်ကြားရေးမှူး)
နိုင်ငံခြားဆက်ဆံရေး

မိတ္တူကို -
(၁) စီမံကိန်းမန်နေဂျာ၊ လှိုင်သာယာစက်မှုဇုန်၊
(၂) ရုံးလက်ခံ
(၃) မျှောစာတွဲ။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01-282101 တယ်လီဖုန်း - ၂၇၂၈၁၂၊ ၂၇၂၁၅၉၊ ၂၇၂၃၉၁။

စာအမှတ်၊ ရက - ၁/ မ - ၄၂၅/ ၉၉ (၄၀၃၁၄၃)

ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်။

အကြောင်းအရာ။ ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။**

ရည်ညွှန်းချက်။ ။ နိုင်ဆူသူစက်မှုကုမ္ပဏီလီမိတက်၏ (၂၁-၇-၉၉) ရက်စွဲပါစာ။

၁။ နိုင်ဆူသူစက်မှုကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)၊ မြေကွက်အမှတ်(၂၀၅) ရှိ မြေ(၀.၉၀၉) ဧကနှင့် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄)၊ မြေကွက်အမှတ်(၂၂) ရှိ မြေ(၁.၀၀၃) ဧကရရှိပေါင်း မြေ(၁.၉[illegible] ဧကကို ငှားရမ်း၍၊ စက်ရုံတည်ဆောက်ပြီး သစ်အချောထည်နှင့် ပရိဘောဂတန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်အတွက် ရည်ညွှန်းပါစာဖြင့် ကော်မရှင်သို့တင်ပြလျှောက်ထားလာပါသည်။ (ပူးတွဲ)

၂။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အခန်း(၃) အပိုဒ်၁၁ ပါပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပြုချက်ကို စိစစ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားများကို တောင်းခံရယူရန်လိုအပ်ပါသဖြင့် အဆိုပြုချက်ပါလုပ်ငန်း ဆောင်ရွက်မည့် မြေနေရာနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန်နှင့် ယင်းနေရာတွင် အဆိုပြုလုပ်ငန်းဆောင်ရွက်နေခြင်း ရှိမရှိကိုပါ စိစစ်ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပူးတွဲ၊ - (၁) အဆိုပြုချက်

(၂) မြေအထောက်အထား

တွဲဖက်အတွင်းရေးမှူး (ကိုယ်စား)

(စိုးစိုးဝင်း၊ ညွှန်ကြားရေးမှူး)

ညွှန်ကြားရေးမှူးချုပ်

မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ဝင်း/ဝ